အတင်းပြောခြင်းသည် အဘယ်အရာကို ခေါ်ဆိုကြောင်း

အသင်တို့သိကြပါသလော။ သာဝကကြီးများက

အလ္လာဟ်အရှင်မြတ်နှင့် အရှင့်ရစူလ်တမန်တော်သာ

အသိဆုံးဖြစ်ပါသည်ဟု ဖြေကြားခဲ့ကြသည်။ ကိုယ်တော်က

မိန့်ကြားတော်မူသည်မှာ အသင့်ညီနောင်နှင့်ပတ်သက်၍၎င်းမနှစ်မြို့သောအရာကို ပြောဆိုခြင်းပင်ဖြစ်သည်။

အဗူဟုရိုင်ရဟ်(ရဿွိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။ တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) မိန့်ကြားတော်မူသည်မှာ အတင်းပြောခြင်းသည်
အဘယ်အရာကို ခေါ်ဆိုကြောင်း အသင်တို့သိကြပါသလော။ သာဝကကြီးများက
အလ္လာဟ်အရှင်မြတ်နှင့် အရှင့်ရစူလ်တမန်တော်သာ အသိဆုံးဖြစ်ပါသည်ဟု
ဖြေကြားခဲ့ကြသည်။ ကိုယ်တော်က မိန့်ကြားတော်မူသည်မှာ အသင့်ညီနောင်နှင့်ပတ်သက်၍၎င်းမနှစ်မြို့သောအရာကို ပြောဆိုခြင်းပင်ဖြစ်သည်။အကယ်၍
ကျွန်တော်ပြောလိုက်သည့်အရာသည် ကျွန်တော့်ညီနောင်၌ အမှန်တကယ်ရှိနေပါက
မည်သို့ပါနည်းဟု ကိုယ်တော့်အား မေးမြန်းသည့်အခါ ကိုယ်တော်က အကယ်၍
သင်ပြောလိုက်သည့်အရာသည် ၎င်းထံတွင် အမှန်တကယ်ရှိမှသာ
သင်အတင်းပြောဆိုခြင်းဖြစ်ပြီး အမှန်တကယ်မရှိပါက သင်သည် သူ့အား
စွပ်စွဲလိုက်ခြင်းပင်ဖြစ်သည်။ [صحيح] [رواه مسلم]

တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)က ဟရာမ် တားမြစ်ထားသော အတင်းပြောခြင်း၏အဓိပ္ပါယ်ကို ရှင်းပြတော်မူခဲ့သည်။ အတင်းပြောခြင်းဟူသည် အကွယ်တွင်ရှိသောမွတ်စ်လင်မ်နှင့် ပတ်သက်၍ ၎င်းမနှစ်မြို့သည့်အရာကို ပြောဆိုခြင်းဖြစ်ပြီးထိုအကြောင်းအရာသည် ၎င်း၏ရုပ်ဆင်းသဏ္ဍာန်နှင့်သက်ဆိုင်သည်ဖြစ်စေ သို့မဟုတ်ကိုယ်ကျင့်တရားနှင့် သက်ဆိုင်သည်ဖြစ်စေ အတူတူပင်ဖြစ်သည်။ ဥပမာ - မျက်စိတစ်ဖက်ကန်းသူ၊လှည့်စားသူ၊ လိမ်လည်သူ စသည်ဖြင့် မကောင်းသည့် အချင်းလက္ခဏာများဖြင့်ခေါ်ဆိုခြင်းဖြစ်ပြီး ထိုအကျင့်စရိုက်များသည် သူ့ထံတွင်အမှန်တကယ်ရှိနေပါကအတင်းဖြစ်သည်။ အကယ်၍ ထိုအကျင့်စရိုက်များသည် သူ့၌အမှန်တကယ်မရှိပါက အတင်းပြောခြင်းထက်ပို၍အပြစ်ကြီးပြီး စွပ်စွဲရာရောက်မည်။ ဤသည် လူတစ်ဦးတွင်မရှိသည့်အရာကိုစွပ်စွဲပြောဆိုလိုက်ခြင်းဖြစ်သည်။

http://www.sunnah.global/hadeeth/my/show/5326